## Eighteenth Sunday in Ordinary Time

**1st READING:** ***Ecclesiastes 1:2; 2:21-23***
ဒေသနာကျမ်း။ ၁း၂၊ ၂း၂၁–၂၃

အနတ္တသက်သက်၊အနတ္တသက်သက်၊ခပ်သိမ်းသောအရာတို့သည်အနတ္တဖြစ်ကြ၏။ ကြောင်းမှုကားပညာရှိလျက်သိပ္ပံအတတ်နှင့်ပြည့်စုံလျက်၊အမှုအောင်လျက်ကြိုးစားအားထုတ်သောသူဖြစ်သော်လည်း၊မကြိုးစား၊အားမထုတ်သောသူဝင်စရာဘို့ထိုအမှုကိုစွန့်ထားရမည်၊၊ထိုအမှုအရာသည်လည်းအနတ္တအမှု၊အလွန်ဆိုးသောအမှုဖြစ်၏၊၊လူသည်နေအောက်မှာကြိုးစားအားထုတ်သောအမှုအလွန်စိတ်စွဲလန်းသောအမှုအလုံးစုံတို့၌အဘယ်အကျိုးရှိသနည်း၊၊သူ၏နေ့ရက်အပေါင်းတို့သည်ဝမ်းနည်းခြင်း၊ သူ၏အလုပ်အကိုင်လည်း ငြိုငြင်ခြင်းဖြစ်၏၊၊ညဥ့်အခါ၌ပင်သူ၏ စိတ်နှလုံး မငြိမ်ရ၊၊ ထိုအမှု အရာသည်လည်း အနတ္တဖြစ်၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm    Psalms 90:3-4, 5-6, 12-13, 14, 17

ဆာလံကျမ်း ၁၃၈

**သံပြိုင်။** ။ ယနေ့သင်တို့သည်ကိုယ်တော်၏အသံကိုကြားလျှင်သင်တို့၏နှလုံးများကိုတင်းမာ၍မထားကြနှင့်။
**If today you hear his voice, harden not your hearts.**

၁။ ။ ကိုယ်တော်သည်တပည့်တော်တို့အားမြေမှုန့်အဖြစ်သို့ ပြန်စေတော်မူလျက် မိန့်တော်မူသည်မှာ
သေမျိုးဖြစ် သောသင်တို့ မြေမှုန့်သို့ပြန်လော့ဟူ၍တည်း။ နှစ်ပေါင်းတစ်ထောင်သည် ကိုယ်တော်၏
ရှေ့မျက် မှောက်တွင် ကုန်လွန်ပြီးသော ယမန်နေ့တစ်နေ့ကဲ့သို့ လည်းကောင်း
ညဥ့်ယံတစ်ယံကဲ့သို့လည်းကောင်းဖြစ်ပါ၏။ (သံပြိုင်)
You turn man back to dust, saying, “Return, O children of men.” For a thousand years in your sight are as yesterday, now that it is past, or as a watch of the night.

၂။ ။ ကိုယ်တော်သည်သူတို့အားလျင်မြန်စွာပျောက်ကွယ်သွားစေတော်မူ၏။သူတို့သည်အိပ်မက်ပမာသာ
ဖြစ်ရပါ၏။နံနက်အချိန်တွင်အသစ်တစ်ဖန်ပေါ်ထွက်လာသည့်မြက်ပင်ပမာသာဖြစ်ပါ၏။နံနက်အချိန်တွင်
မြက်ပင်သည်ပွင့်လန်း၍အ သစ်ပြန် ဖြစ်လာပြီး၊ ညဥ့်ဦးယံ၌ကားညှိုးနွမ်းသွေ့ခြောက်သွားပါ၏။ (သံပြိုင်)
You make an end of them in their sleep; the next morning they are like the changing grass, Which at dawn springs up anew, but by evening wilts and fades.

၃။ ။ တပည့်တော်၏နေ့ရက်များကိုရေတွက်တတ်ရန်သွန်သင်ပေးတော်မူပါ။ သို့သာလျှင်တပည့်တော်
သည်ပညာအမြော်အမြင်ရှိသောနှလုံးသားကိုပိုင်ဆိုင်ကြပါလိမ့်မည်။ အိုထာဝရဘုရားကိုယ်တော်၏ရှေ့
စိတ်တော်ကိုနူးညံ့စေတော်မူပါ။မည်မျှလောက်ကြာပါဦးမည်နည်း။ကိုယ်တော်၏အစေခံများအပေါ်သနား
ကရုဏာသက်တော်မူပါ။ (သံပြိုင်)
Teach us to number our days aright, that we may gain wisdom of heart. Return, O LORD! How long? Have pity on your servants!

၄။ ။ နံနက်အချိန်၌တပည့်တော်တို့အားကိုယ်တော်၏ခိုင်မြဲမေတ္တာနှင့်ရောင့်ရဲစေတော်မူပါ။
တပည့်တော်၏သခင် ထာဝရဘုရား၏ကျေးဇူးတော်သည်တပည့်တော်တို့အပေါ်သက်ရောက်ပါစေသော်။
တပည့်တော်တို့၏လက်များဖြင့် ပြုလေသမျှကိုအောင်မြင်စေတော်မူပါ။ (သံပြိုင်)
Fill us at daybreak with your kindness, that we may shout for joy and gladness all our days. And may the gracious care of the LORD our God be ours; prosper the work of our hands for us! Prosper the work of our hands!

## 2nd READING: *Colossians 3:1-5, 9-11*

ကော်လောဆေမြို့သားတို့ထံရေးသောစာ ၃း၁–၅ ၉–၁၁

အထက်ဆိုခဲ့ပြီးသည်အတိုင်း၊သင်တို့သည်ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင်၊ဘုရားသခင်၏လက်ျာတော်ဘက်မှာခရစ်တော်သည်ထိုင်နေတော်မူရာအရပ်၌ရှိသောအထက်အရာတိုကိုရှာကြလော့။မြေကြီးပေါ်မှာရှိသောအရာတို့ကိုစွဲလမ်းသောစိတ်မရှိကြနှင့်။အထက်အရာတို့ကိုသာစိတ်စွဲလမ်းခြင်းရှိကြလော့။အကြောင်းမူကား၊သင်တို့သည်သေသောသူဖြစ်၍သင်တို့အသက်သည်ခရစ်တော်နှင့်အတူဘုရားသခင်၌ဝှက်ထားလျက်ရှိ၏။ငါတို့အသက်တည်းဟူသောခရစ်တော်သည်ထင်ရှားတော်မူသောအခါ၊ငါတို့သည်လည်းထိုသခင်နှင့်အတူဘုန်းကြီး၍ထင်ရှားကြလတ္တံ့။ထိုကြောင့်မတရားသောမေထုန်၌မှီဝဲခြင်း၊ညစ်ညူးစွာကျင့်ခြင်း၊ကိလေသာပူပန်ခြင်း၊ဆိုးညစ်သောတပ်မက်ခြင်း၊ရုပ်တုကိုကိုးကွယ်ခြင်းဖြစ်သောလောဘလွန်ကျူးခြင်းတည်းဟူသော၊မြေကြီးပေါ်မှာရှိသောသင်တို့၏ကိုယ်အင်္ဂါတို့ကိုသေစေကြလော့။အချင်းချင်းမုသာစကားကိုမပြောမသုံးကြနှင့်။အကြောင်းမူကား၊သင်တို့သည်လူဟောင်း၏အကျင့်တို့နှင့်လူဟောင်း၏ကိုယ်ကိုချွတ်ပယ်၍၊ဖန်ဆင်းတော်မူသောသူ၏ပုံသဏ္ဌာန်နှင့်အညီ၊မှန်သောပညာအားဖြင့်အသစ်ပြုပြင်သောလူသစ်ကိုယူတင်ဝတ်ဆောင်သောသူဖြစ်ကြ၏။ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ဟေလသလူမရှိ၊ယုဒလူမရှိ၊အရေဖျားလှီးမင်္ဂလာခံခြင်းမရှိ၊မခံခြင်းမရှိ၊လူရိုင်းမရှိ၊သကုသိလူမရှိ၊ကျွန်မရှိ၊လူလွတ်မရှိ၊ ခရစ်တော်သည်အလုံးစုံတို့၌အလုံးစုံဖြစ်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**GOSPEL:** ***Luke 12:13-21***
ရှင်လုကာဧဝံဂေလိကျမ်း ၁၂း၁၃–၂၁

ထိုအခါလူအစုအဝေးထဲမှလူတစ်ယောက်ကဆရာသခင်၊ကျွန်တော်၏ အစ်ကိုသည်ကျွန်တော့်အားမွေခွဲဝေပေးပါရန်အမိန့်ရှိတော်မူပါဟုလျှောက်လျှင်။ကိုယ်တော်ကအချင်းလူ၊မည်သူသည်ငါ့ကိုသင်တို့၏ တရားသူကြီးသို့မဟုတ်အမွေခွဲဝေသူအဖြစ်ခန့်ထားသနည်းဟုသူ့အားမိန့်တော်မူ၏ ။ထို့နောက်လောဘ၊စိတ်ကြီးခြင်းကိုသတိပြု၍ရှောင်ကြဉ်ကြလော့။အကြောင်းမူကား၊လူ၏ အသက်သည်ဥစ္စာခနေကြွယ်ဝခြင်း၌တည်သည်မဟုတ်ဟုသူတို့အားမိန့်တော်မူ၏ ။ကိုယ်တော်သည်ပုံဥပမာတစ်ခုကိုလည်းသူတို့အားပြောပြတော်မူ၏ ။တစ်ခါကသူဌေးတစ်ဦး၏ လယ်မြေသည်အသီးအနှံများစွာထွက်ရှိသဖြင့်သူကငါမည်သို့ပြုရမည်နည်း။အကြောင်းမူကား၊ငါ၏ အသီးအနှံများကိုသိုလှောင်ရန်ငါ၌နေရာမရှိဟုမိမိစိတ်ထဲတွင်တွေးတောလျက်နေ၏ ။ထို့နောက်သူကဤသို့ငါပြုမည်။ငါ၏ ကျီများကိုဖြိုဖျက်၍ကြီးသောကျီများကိုငါတည်ဆောက်လျက်ငါ၏ အသီးအနှံများနှင့်ဥစ္စာရှိသမျှတို့ကိုငါသိုလှောင်မည်။ငါ၏ ဝိညာဉ်ကိုလည်းအိုငါ့ဝိညာဉ်သင်သည်နှစ်ပေါင်းများစွာအတွက်များစွာသောဥစ္စာပစ္စည်းများကိုသိုလှောင်ထားလျက်ရှိပြီ၊စိတ်ချမ်းသာစွာနေလော့။သောက်စား၍ပျော်ရွှင်စွာနေလော့ဟုငါဆိုမည်။သို့သော်ဘုရားသခင်ကအသင်လူမိုက်၊ည၌ပင်သင်၏ ဝိညာဉ်ကိုသင့်ထံမှပြန်လည်ရုပ်သိမ်းလိမ့်မည်၊သင်စုဆောင်းထားသောဥစ္စာအရာများသည်မည်သူ့အတွက်ဖြစ်မည်နည်းဟုသူ့အားမိန့်တော်မူ၏ ။မိမိအတွက်သာဥစ္စာဘဏ္ဍာများကိုရှာဖွေဆည်းပူး၍၊ဘုရားသခင်၏ ရှေ့တော်မှောက်၌ပြည့်စုံကြွယ်ဝခြင်းမရှိသောသူသည်ဤနည်းတူပင်ဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။